# ရီဖောမ်းအသင်းတော်၏ တက်ကြွသောရှင်သန်မှုနှင့် အယူဝါဒ

**The Vibrant Life and Doctrine of a Reformed Church**




## BP အသင်းတော်နှင့် ရီဖောမ်း ယုံကြည်ချက်

ဘုရားသခင်၏ မြင့်မြတ်သောအုပ်စိုးခြင်း အလိုတော်အရ၊ အမေရိကန်နိုင်ငံတွင် လစ်ဘရယ်ဝါဒနှင့် ခေတ်သစ်ဝါဒများ ကြီးထွားလာနေသည့်ကြားတွင် ဒေါက်တာ ကာလ် မက်အင်တိုင်ယာ နှင့် အခြားသူများက ၁၉၃၇ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် Bible Presbyterian Church အသင်းတော်ကို အမေရိကန်နိုင်ငံတွင် တည်ထောင်ခဲ့သည်။ BP အသင်းတော်သည် သန့်ရှင်းသောဧဝံဂေလိတရား နှင့် ယုံကြည်ချက်ခုခံကာကွယ်မှု (ရှင်ယုဒ ၃၊ ၄) ပြန့်ပွားစေရန် ကတိပြုထားသော ရီဖောမ်းအသင်းတော် တစ်ပါး ဖြစ်သည်။ **“ရီဖောမ်း(ပြုပြင်ပြောင်းလဲသည်)” ဟူသော ဝေါဟာရသည် ၅ ရာစုနီးပါး ကြာညောင်းခဲ့ပြီဖြစ်သော သမိုင်းဆိုင်ရာနှင့် သီဩလော်ဂျီဆိုင်ရာ အသုံးအနှုန်းဖြစ်သည်။ ခရစ်ယာန်ဘာသာကို သမ္မာကျမ်းစာ၏ အခွင့်အာဏာသို့ ပြန်လည်ရောက်ရှိလာစေရန် ကြိုးပမ်းရာ တွင် အသင်းတော်က သမိုင်းဝင် ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်နိုင်ခဲ့သည့် အချိန်ကာလကို ရည်ညွှန်းခြင်း** ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ နှုတ်ကပါတ် တော်လမ်းမှန်သို့ ပြန်သွားရန်၊ ပြန်ကယ်တင်ရန်ဖြစ်ပြီး၊ အသင်းတော်အား နှစ်ပေါင်း ၁၀၀၀ နီးပါး လျစ်လျူရှုခံခဲ့ရသော သူ၏နှုတ်ကပတ်တော် သွန်သင်ချက်များနှင့်အညီ ပြန်လည်ရောက် ရှိလာစေရန် ဖြစ်သည်။ **ဂျွန်ဟားစ်၊ ဝှစ်ကလစ်၊ ဝေါလ်ဒဲန်းဆီယန်စ် (ဝေါလ်ဒဲန်း၏ဝါဒ ကိုလက်ခံသူများ) ကဲ့သို့သော ရှေ့ပြေးပြုပြင်ပြောင်းလဲရေးသမားများက ဦးဆောင်၍ နောက်ပိုင်း တွင် မာတင်လူသာ၊ ဥရာပ်ဇွင်ဂလီနှင့် ပြုပြင်ပြောင်းလဲရေးသမားများက နှုတ်ကပါတ် တော်ကို လေ့လာခဲ့ကြပြီး၊ အလယ်ခေတ် ရောမအသင်းတော်၏ အမှားများကို ဖော်ထုတ်ခဲ့ကြကာ၊ ယနေ့ သမ္မာကျမ်းစာလာ ပရိုတက်စတင့်ဝါဒကို စတင်ခဲ့ကြသည်။**

## ပြုပြင်ပြောင်းလဲရေးသမား (ရီဖောမ်းမား) များ၏ သွန်သင်ချက်


၁၆ ရာစု ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးတွင် မာတင်လူသာ (နှင့် အခြားသော ပြုပြင်ပြောင်းလဲရေး သမားများ) သည် ယုံကြည်ခြင်း တစ်ခုတည်းဖြင့် ဖြောင့်မတ်ရာ သို့ရောက်ခြင်း၏ အမှန်တရားကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြောသွန်သင်ခြင်းအားဖြင့် လူသည် ယုံကြည်ခြင်း တစ်ခုတည်းဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်း သို့ရောက်ကြောင်း အသင်းတော်အား ယုံကြည်စေခဲ့သည်။ **သွန်သင်ချက်များနှင့် အယူဝါဒအားလုံးသည် သမ္မာကျမ်းစာ တစ်ခုတည်း ပေါ်တွင်သာ အခြေခံသင့်သည်ဟု သူယုံကြည်ခဲ့သည်။ ကယ်လ်ဗင်နှင့် နောက်ပိုင်းတွင် နော့စ်တို့၏ ပူးတွဲလုပ်ဆောင်မှုများနှင့်အတူ ဇွင်းဂလီ၊ ဘူးလင်ဂါနှင့် ဗေဇာ အစရှိသော ဤရီဖောမ်း ဓမ္မပညာရှင်များက ယေဟောဝါဘုရားသည် အချုပ်အချာအာဏာပိုင်သောဘုရားသခင် ဖြစ်ကြောင်း ကျမ်းစာ၏ ရှင်းလင်းသော သင်ကြားချက်ကို အသိအမှတ် ပြုခဲ့ကြသည်။**
ဘုရားသခင်သည် အချည်းနှီးကြည့်ရှုသူ မဟုတ်ပဲ သဘာဝတရားနှင့် လူသားများ၏ ကိစ္စရပ်အားလုံးတွင် တမ်းပြည့် အုပ်ချုပ်သူပင် ဖြစ်တော်မူပြီး *"ကာလရေလအမျိုးကို စောင့်သော သူသည် ငိုက်မျဉ်းအိပ်ပျော်ခြင်း ရှိတော်မမူ။"* (ဆာလံ ၁၂၁:၃) ဟူ၍ သူတို့သည် ယုံကြည်ကြသည်။ သူတို့သည် တမန်တော် ပေါလု နည်းတူ *"ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏"* (တမန်တော် ၁၇:၂၈) ဟူ၍ သွန်သင်ခဲ့ကြသည်။ သူတို့က အနန္တတန်ခိုးရှင် ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းအပေါ် အချုပ်အခြာအာဏာဖြင့် အုပ်စိုးတော်မူလျက် ဖြစ်ပျက်သမျှအားလုံးသည် ဘုရားသခင်၏ ဒီဇိုင်းဆွဲသည့် အတိုင်း ဖြစ်လာကြောင်းကို စိတ်ချယုံကြည် ကြသည်။ အဘယ်ကြောင့်ဆိုသော် အလိုတော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ဆောင်ရွက်တော်မူသောသူ၏ ရည်ရွယ်ချက်အတိုင်း အရာခပ်သိမ်းတို့သည် ဖြစ်လာသောကြောင့် (ဧဖက် ၁:၁၁) ဖြစ်ပေသည်။

## ဘုရားသခင်၏ အချုပ်အခြာအာဏာ

**အလုံးစုံတို့၏ အမြင့်မြတ်ဆုံးသော ဖန်ဆင်းရှင်သည် မြေကြီးပေါ်ရှိ လူသားများ နှင့်အတူ သူအလိုရှိသမျှကို လုပ်ပိုင်ခွင့်ရှိသည်။ သူ၌ ထိုလုပ်ပိုင်ခွင့်ရှိရုံသာမက သူ၏အလိုဆန္ဒကို ဖြောင့်မတ်စွာ ကျင့်သုံးကြောင်းနှင့် ဤနိယာမကို သမ္မာကျမ်း စာတွင် ရှင်းလင်းစွာ သွန်သင်ထားကြောင်းကို ပြုပြင်ပြောင်းလဲရေးသမားများက ယုံကြည်ခဲ့ကြသည်။** *"မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှမဟုတ်သကဲ့သို့ ဖြစ်ကြ၏။ ကောင်းကင်ဗိုလ်ခြေတို့၌လည်းကောင်း၊ မြေကြီးသားတို့၌လည်းကောင်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်တော်ကို*

*အဘယ်သူမျှ မဆီးတားနိုင်။ အဘယ်သို့ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူမရှိ။"* (ဒံယေလ ၄:၃၅)။ အထူးသဖြင့် သူ၏အချုပ်အခြာအာဏာကို ရွေးကောက်ခံရသူများ၏ ကယ်တင်ခြင်း၌ အကောင်အထည်ဖော်ခဲ့သည်။ (ဧဖက် ၁:၄၊ ၅)။ ဂျီနီဗာမြို့ရှိ ပြင်သစ်ပြုပြင်ပြောင်းလဲ ရေးသမား ဂျွန်ကယ်လ်ဗင်၏ သွန်သင်ချက်က အထူးသဖြင့် ကယ်တင်ခြင်းနှင့် သူ၏အလုပ်တွင် ဘုရားသခင်၏ အချုပ်အခြာအာဏာနှင့် ထောက်ပံ့ပေးမှုတို့ကို အလေးပေးဖော်ပြခဲ့ပြီး **"ကယ်လ်ဗင်ဝါဒ၏ အချက်ငါးချက်"** တွင် အကျဉ်းချုပ် ဖော်ပြလေ့ရှိသည်။ ယုံကြည်ခြင်းကို ခုခံကာကွယ်မှုအနေဖြင့် အာမီးနီးယပ်စ်၏ မှားယွင်းသော အယူဝါဒကို တုံ့ပြန်ရန် ၁၆၁၈-၁၆၁၉ တွင် ရီဖောမ်းဓမ္မပညာရှင်များက **Synod of Dort** တွင် ရိုးရှင်းသော အက္ခရာစဉ်အတိုကောက် **"TULIP"** ကို ရေးသားခဲ့ကြသည်။

## ရီဖောမ်း ယုံကြည်ချက် အကျဉ်းချုပ်




အစောပိုင်း ပရိုတက်စတင့်ခေါင်းဆောင်များသည် ဘုရားသခင်၏တန်ခိုးတော်ကို ငြင်းပယ်သော သူများအား ဆန့်ကျင်လျှက် ဘုရားသခင်၏ အကြွင်းမဲ့ အချုပ်အချာအာဏာ ဆိုင်ရာကျမ်းစာ သွန်သင်ချက်များကို ခုခံကာကွယ်ခဲ့ကြသည်။ အချို့က ကယ်တင်ခြင်းအတွက် အနည်းဆုံး မိမိတို့၏လက်ဖြင့် တစ်စိတ်တစ်ပိုင်း ပါဝင်လုပ်ဆောင်ရန်လိုအပ်သည်ဟု ယူဆကြပြီး သမ္မာကျမ်းစာ၏ တတ်စွမ်းနိုင်မှု ကို လျော့ပါးသွားစေသည်။ ၎င်းကို ပူးပေါင်းလုပ်ဆောင် မှုတစ်ခုအဖြစ် မြင်ကြပြီး ကျွန်ုပ်တို့၏ကယ်တင်ခြင်းတွင် ကျွန်ုပ်တို့ပါဝင် လုပ်ဆောင်ရန် လိုအပ်သည်ဟု မှတ်ယူကြသည်။ **ဤအဖြေအတွက် ဂျွန်ကယ်လ်ဗင်၏ အမှုတော်ဆောင်ရာ ရီဖောမ်းအသင်းတော်က လူသားအနေဖြင့် မိမိကိုယ်ကို ကယ်တင်ရန် လုံးဝ မစွမ်းဆောင်နိုင်ခြင်းနှင့် ဘုရားသခင်တစ်ပါးတည်းကိုသာ ချီးမြှောက်သည့် ရီဖောမ်းယုံကြည်ချက်ကို သွန်သင်ပေးခြင်း အားဖြင့် ကျမ်းစာနှင့်ကိုက်ညီသော အဖြေကို ရဲရင့်စွာ ထုတ်ပြန်ကြေညာခဲ့သည်။** အောက်ဖော်ပြပါ အချက် ၅ ချက်ကို တစ်စိတ်တစ်ပိုင်းဖြင့်မခံယူပဲ ရှေ့နောက်ညီညွတ်သော ဓမ္မသွန်သင်ချက် တစ်ရပ်လုံး အဖြစ် ခံယူရမည် ဖြစ်ကြောင်း သုံးသပ်ကြည့်ပါ။

## လုံးဝဥဿုံ ပျက်စီးခြင်း

ဤတွင် ကျွန်ုပ်တို့ယုံကြည်ကြသည်မှာ လူသားသည် သူ၏ကျဆုံးခြင်း၌ရှင်း၊ အပြစ်ရှိသော အခြေအနေ၌ရှင်း ရှိနေသောကြောင့် ဘုရားသခင်၏ ဝိညာဉ်တော် အရာတို့ကို မခံမယူနိုင်။ ထိုအရာတို့သည် သူ့အတွက် မိုက်မဲသောအရာ ဖြစ်သည် ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင် သော ကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်။ (၁ ကော ၂:၁၄)။ အာဒံ၏ ကျဆုံးသောမျိုးနွယ်၏ သားမြေးများကို ဘုရားသခင်ကိုယ်တိုင် အကဲဖြတ်သည်မှာ မြေကြီးပေါ်တွင် လူသား၏ဆိုးသွမ်းမှုမှာ ကြီးမားလှပြီး စိတ်နှလုံးအကြံအစည် တိုင်းသည် အဆက်မပြတ် ဆိုးယုတ်ခြင်းသာဖြစ်သည် (ကမ္ဘာဦး ၆း၅၊ ၈း၂၁) ဟူ၍ဖြစ်သည်။ ဘဝတစ်လျှောက်လုံး မိမိပြုဘူးသမျှသော “ကောင်းမှု” မှန်သမျှ သည် “ညစ်သောအဝတ်စုတ်များ” နှင့်တူကြ၏။ (ဟေရှာယ ၆၄:၆)။ ဒါဝိတ်မင်း အတွက် မှန်သောအရာသည် ကျွန်ုပ်တို့အား လုံးအတွက်လည်း မှန်သော အရာပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် “မွေးစကပင် အပြစ်ပါလျက်ရှိ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါ၏” (ဆာလံ ၅၁:၅) ဟူ၍ သဘောပေါက်ရပါမည်။ ပကတိလူသားသည် ဖျားနာခြင်းမဟုတ်၊ ရောဂါကျွမ်းနေခြင်း မဟုတ်၊ သို့သော် ဝိညာဉ်ရေးအရ သေဆုံးသွားခြင်းဖြစ်သည်။ ရှင်ပေါလုပြောသည်အတိုင်း *“သင်တို့သည် အထက်က လောကီတရား သို့လိုက်၍ အာကာသကောင်းကင်၏ တန်ခိုးကို အစိုးရသော မင်းတည်းဟူသော ငြင်းဆန်သော သူတို့၌ ပြုပြင်သော ဝိညာဉ်၏အလိုနှင့်အညီ၊ ဒုစရိုက်အပြစ်တို့၌ ကျင်လည်ကြ၍၊ ထိုဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။- ထိုငြင်းဆန်သော သူတို့နှင့်တကွ၊ ငါတို့ရှိသမျှသည် အထက်က ကိုယ်ကာယ၏ အလိုသို့ လည်းကောင်း၊ စိတ်၏ အလိုသို့လည်းကောင်း၊ လိုက်သဖြင့် ကာမဂုဏ်တို့၌ ကျင်လည်သည် ဖြစ်၍၊ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူဖြစ်ကြ၏။”*(ဧဖက် ၂း၁-၃)။

## အခြေအနေပေါ်မမူတည်သော ရွေးကောက်ခြင်း

ဘုရားသခင်က *“ငါတို့သည် ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်း လွတ်လျက် ဖြစ်မည်အကြောင်း၊ ဤကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်၌”* ကြိုတင်ခွဲခန့်မှတ် သားထားကြောင်း သို့မဟုတ် ရွေးကောက်တော်မူကြောင်း သမ္မာကျမ်းစာက သွန်သင်ထားသည်။ (ဧဖက် ၁:၄၊ ရောမ ၈:၂၉-၃၀)။ ကျွန်ုပ်တို့၏ ထာဝရကံကြမ္မာကို ကျွန်ုပ်တို့ ရွေးချယ်၍ မရနိုင်ပါ။ ကိုယ်တော်ကသာ ရွေးချယ်တော်မူ၏။ (ယောဟန် ၁၅:၁၆)။ ကယ်တင်ခြင်းခံရမည့်သူများမှာ အမြင့်မြတ်ဆုံးသော ဘုရားရှင်က ကယ်တင် ခြင်းရရှိရန် ရွေးကောက်ထားသောသူများကို

ဆိုလိုသည်-*"ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုမည်။"* (ရောမ ၉း၁၅)။ သူသည် သူ၏ ရွေးကောက် ခြင်းကို လူ၏ မည်သည့် အခြေအနေပေါ်တွင်မျှ အခြေခံခြင်း မရှိပါ။ *"သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။"* (ဧဖက် ၂:၉)။ ၎င်းမှာ လူသား၏ ရွေးချယ်မှု သို့မဟုတ် ကျွန်ုပ်တို့၏ အစပြုလုပ်ဆောင်မှုအားဖြင့် မဟုတ်ဘဲ ဘုရားသခင်တစ်ပါးတည်း၏ လုပ်ဆောင်မှုသာ ဖြစ်သည်။

## ကန့်သတ်ထားသော အပြစ်ဖြေခြင်း

၎င်းကို နားလည်မှုလွဲလေ့ရှိသည်။ "တိတိကျကျ" ဟူသောအသုံးအနှုန်းသည် ဤနေရာတွင် ပိုကောင်းသော အသုံးအနှုန်း ဖြစ်နိုင်သည်။ ခရစ်တော်၏ အပြစ်ဖြေခြင်းကို သူရွေးချယ်ထားသော သူ့လူမျိုးတော်အတွက် အထူး ရည်ရွယ်ထားသည်ဟု ဆိုလိုပါသည်- *"ငါသည် ကိုယ်အသက်ကို သိုးတို့အဖို့အလို့ငှာ စွန့်၏။"* (ယောဟန် ၁၀:၁၅)။ ခါတော်မမူသောသူတို့အတွက် အသွေးတော် သွန်းလောင်းတော်မမူ။ ထို့ကြောင့် သူတို့သည် အထံတော်သို့ မလာကြ။ သခင်ယေရှုက သူသည် ဤလောကအတွက် ဆုတောင်းသည် မဟုတ်၊ ဘုရားသခင် ပေးသနားတော်မူသော သူတို့အတွက်သာ တောင်း၏၊ အကြောင်းမှာ ထိုသူတို့သည် သူ့အတွက် ဖြစ်သောကြောင့် ဟုဆိုလေသည် (ယော ၁၇း၉)။ သူသည် တစ်ကမ္ဘာလောကလုံးအတွက် အသေခံရန် ကြွလာခြင်း မဟုတ်ဘဲ ဘုရားသခင် ရွေးကောက်တော်မူသော သူအတွက် ကြွလာခြင်း ဖြစ်သည် (မဿဲ ၁း၂၁၊ ဧဖက် ၅း၂၅)။ ဤဟာသည် ၎င်း၏ အတိုင်းအတာနှင့် ရည်ရွယ်ချက်ပင်ဖြစ်သည်။ ယနေ့ လူသားအားလုံး ကယ်တင်ခြင်းသို့ မရောက်ကြောင်း ကျွန်ုပ်တို့သိထားသောကြောင့် ဤဟာသည် အရေးကြီးသော အချက်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် အားလုံးအတွက် အသေခံသည်ဟု ကျွန်ုပ်တို့ပြောဆိုပါက၊ သူ၏အပြစ် ဖြေခြင်းက အစွမ်းမထက် ထိရောက်စွာလုပ်ဆောင်နိုင်စွမ်းမရှိ ဟူသော အဓိပ္ပာယ် ဖြစ်သွားစေ မည်။ (သူသည် အားလုံးကို ကယ်တင်လိုလျှင်) သူ၏သေခြင်းသည် အားလုံးအတွက် လုံလောက်သည်ဟု ဩဂတ်စ်တင်းက ဆိုသည်။ သို့သော် ရွေးကောက် ခြင်းခံသူတို့အတွက်သာ ထိရောက်မှုရှိသည်ဟု ဆိုသည်။

## ငြင်းဆန်၍မရသော ကျေးဇူးတော်

၎င်းကို ထိရောက်သောခေါ်ခြင်းဟူ၍လည်း ပြန်ဆိုနိုင်ပါသည်။ ရွေးကောက်ခံရသော သူတို့သည် ကိုယ်တော်ထံ အမှန်ရောက်လာကြလိမ့်မည်။ *"ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။"* (ယောဟန် ၁၀:၂၇)။ *"ခမည်းတော်သည် ငါ့အား*

*ပေးတော်မူသမျှသောသူတို့သည် ငါ့ထံသို့လာကြလိမ့်မည်။....”* (ယောဟန် ၆:၃၇)။ ဘုရားသခင်သည် ရွေးကောက်ခံရသူများ၏ စိတ်နှလုံးထဲတွင် အလုပ်လုပ်စေ ခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူ၏။ *“စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။”* (ယေဇကျေလ ၃၆:၂၆)။ *“ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်သည် သွေးဆောင်တော်မမူလျှင်၊ အဘယ်သူမျှ ငါ့ထံသို့ မလာနိုင်။”* (ယောဟန် ၆:၄၄)။ *“အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင် ပေးသနားတော်မူခြင်း၊ ခေါ်ထားတော်မူခြင်း ကျေးဇူးသည် ဖောက်ပြန်ခြင်းသဘောမရှိ။”* (ရောမ ၁၁:၂၉)။

## သူတော်စင်တို့၏ ဇွဲဖြင့်တည်မြဲခြင်း

ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် အာမခံချက်အပြည့်အဝ ရှိနိုင်ပါသလား။ စစ်မှန်သော ခရစ်ယာန်တစ်ဦး သည် သူ၏ကယ်တင်ခြင်းကို ပြန်၍ဆုံးရှုံးသွား မည်လော။ အဖြေမှာ မဆုံးရှုံး နိုင်ပါ။ *“ယေရှုကလည်း၊ ...ထိုသိုးတို့ကို ငါ၌အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသော သူတို့ထက် ကြီးမြတ်တော်မူ သည်ဖြစ်၍၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှ မနုတ်မယူနိုင်ရာ။”* (ယောဟန် ၁၀:၂၉)။ *“ထိုသားသည် မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ်မည်သူ ဖြစ်သောကြောင့်၊”* ဟူသောစကားကိုလည်း သတိပြုပါ။(မဿဲ ၁:၂၁)။ ကယ်တင်ခြင်းရရှိခြင်းသည် မည်သည့်နည်းဖြင့်မဆို ထိုက်တန်သည် မဟုတ်သလို ယုံကြည်သူမှဝယ်ယူခဲ့သော သခင့်သိုးစစ်များကို ရွေးကောက် တင်မြှောက်ခြင်းလည်း မဟုတ်ပေ။ အကြောင်း မှာ *”သင်တို့၌ကောင်းသော အမှုကို ပြုသောသူသည် ယေရှုခရစ်၏ နေ့တိုင်အောင် ပြီးမြောက်အောင် ဆောင်ရွက်လိမ့်မည်”* (ဖိလိပ္ပိ ၁း၆)။ ဒုတိယမွေးဖွားခြင်း အမှန်ခံပြီးသူ ခရစ်ယာန်သည် ပြန်၍လဲကျသွား နိုင်သော်လည်း သူတို့၏ ကယ်တင်ခြင်းကို ဘယ်တော့မှ ဆုံးရှုံးမည် မဟုတ်ပါ။ သူသည် ဘုရားသခင်၏ သားစစ်မှန်လျှင် တစ်နေ့ပြန်ထပါလိမ့်မည် (ရှင်ယုဒ ၂၃၊ ၂၅)။

## ဆီမီးပယ်လဂျီဝါဒ သို့မဟုတ် အာမီးနီးယန်းဝါဒ၏ ခြိမ်းခြောက်မှု


ဘုရားသခင်သည် အချုပ်အခြာအာဏာပိုင်နိုင်သော်လည်း လူသား၏ လွတ်လပ်ခွင့်ကို အကန့်အသတ် မရှိစေရန် သူ၏ထိန်းချုပ်မှုအချို့ကို စွန့်လွှတ်ရန် ရွေးချယ်ခဲ့သည် ဟူ၍ ယုံကြည်သော သူတို့က လူသာ၊ ဇွင်ဂလီ၊ ကယ်လ်ဗင်နှင့် အခြားရီဖောမ်းမားများ၏ သွန်သင်ချက်အများအပြားကို အငြင်းပွားခဲ့ကြသည်။ ဤစိန်ခေါ်မှု များသည် ဒတ်ချ်ဘာသာရေးကျောင်း ပါမောက္ခ ဂျိမ်းစ် အာမီးနီးယပ်စ်၏ ယုံကြည်ချက်များအပေါ် အခြေခံလေ့ ရှိသည်။ သူ၏နောက်လိုက်များကို အာမီးနီးယန်းစ် ဟုခေါ်ကြပြီး အထူးသဖြင့် လူကို ပင်ကိုယ် အားဖြင့်ကောင်းသည်ဟု မှတ်ယူသော

ကြောင့် ရီဖောမ်းသီသြလော်ဂျီကို ငြင်းပယ်ကြသည်။ လူသည် ဝိညာဉ်ရေးအရ ပျက်စီးသည် သို့မဟုတ် ကိုယ်ကျင့်တရား ဆိုးရွားသည် ကို မယုံကြည်ကြပေ။ သို့သော် သူသည် အပြစ်နှင့် ဖျားနာနေခြင်းသာဖြစ်ပြီး ဘုရားသခင်မပါဘဲလျှက်ပင် လိုအပ်ပါက မိမိဖာသာ ကူညီနိုင်မည် ဟူ၍ ယုံကြည်ကြသည်။

အခြေအနေပေါ်မမူတည်သော ရွေးကောက်ခြင်းနှင့် အမြင့်မြတ်ဆုံးသော ကျေးဇူးတော်အားဖြင့်သာ လူသားသည် ကယ်တင်ခြင်းခံရသည်ဟု ရီဖောမ်းအသင်းတော်မှ ခံယူနေစဉ်တွင်၊ အာမီးနီးယန်းစ်မှ လူသားသည် အခြေအနေပေါ်မူတည်သောကျေးဇူးတော်နှင့် သူ၏ကြိုးစားအားထုတ်မှုများ ကြောင့် ကယ်တင်ခြင်းရသည်ဟု သွန်သင်ကြသည်။ အခြေအနေဟုဆိုရာတွင် ကျွန်ုပ်တို့သည် သူ့ကို ရွေးချယ်လိမ့်မည် ကို သိနှင့်တော်မူသောကြောင့် ဘုရားသခင်က ကျွန်ုပ်တို့ကို ဦးစွာရွေးချယ်ခဲ့ပြီး လူတစ်ဦးစီသည် ဘုရားသခင်ကို ယုံကြည်ရန် မိမိကိုယ်တိုင်ဆုံးဖြတ်ချက် ချရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ခံယူရမည် ဖြစ်သည်ဟု သွန်သင်သည်။ လူသည် မိမိကိုယ်မိမိ ကယ်တင်ရန် စွမ်းအားမရှိကြောင်း ယုံကြည်သူများကို အသက်တာသစ်နှင့် ယုံကြည်ခြင်းကို ပေးသော ဘုရားသခင်၏ ဝိညာဉ်တော် တစ်ပါးတည်း ကသာလျှင် တတ်စွမ်းနိုင်ကြောင်း (ရောမ ၃း၁၀-၁၂) ရီဖောမ်းမားများက သွန်သင်ခဲ့ကြသည်။ **အာမီးနီးယန်းစ်တို့က လူသားသည် ဘုရားသခင်၏ ကျေးဇူးတော်၏ အခြေအနေများကို ပြည့်မီစေရန်နှင့် ကယ်တင်ခြင်းတွင် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် လူ၌ ကောင်းမြတ်မှု အလုံအလောက် ရှိကြောင်း သွန်သင်ခဲ့သည်။ ဤသည်မှာ မခိုင်လုံသော၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် မညီညွတ်သော သွန်သင်ချက် ဖြစ်သည်။ ကယ်တင်ခြင်းသည် အကျင့်အားဖြင့်မဟုတ်ဘဲ ကျေးဇူးတော် သက်သက်ကြောင့်သာ ဖြစ်ပါသည်** (တိတု ၃း၅၊ ဧဖက် ၂း၈၊ ၉)။

## ရီဖောမ်းယုံကြည်ခြင်း၏ ရပ်တည်မှု

လွန်ခဲ့သည့် လေးရာစုက ရီဖောမ်းမားများသည် ကယ်တင်ခြင်း၏ စစ်မှန်သောအဓိပ္ပါယ်ကို နားလည်ရန် ကြိုးပမ်းခဲ့ကြပြီး ၎င်းသည် လူကို အမှန်တကယ်နှိမ့်ချကာ အနန္တတန်ခိုးရှင် ဘုရားသခင်ကို ချီးမြှောက်ခြင်း လည်း ဖြစ်သည်။ ဤသို့ ဘုရားသခင်လုပ်ပိုင်ခွင့် ပြုထားသော ရည်ရွယ်ချက်မှာ သမ္မာကျမ်းစာအားဖြင့် စစ်မှန်သော ဧဝံဂေလိတရားနှင့် အရှင်သခင်ကို ကိုယ်တိုင်ကိုယ်ကျ သိလိုသော စိတ်ရင်းမှန်နှင့် ထက်သန်သောဆန္ဒ ဖြစ်သည်။ ရီဖောမ်း အသင်းတော်သည် *“ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏မူလ အမြစ်ဖြစ်၏”* (သုတ္တံ ၉း၁၀) ဟူ၍ ယုံကြည်သည်။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် များကို အချိန်ရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ ဟောကြားဝေငှ လိုကြသည်။ သို့မှသာ ခရစ်တော်၏အသင်း တော်သည် ကိုးကွယ်ထိုက်သော ဘုရားသခင်ကို ပိုမိုလေးမြတ်ကြောင်း ယုံကြည်သူအား တိုက်တွန်းနှိုး ဆော်သည့် ခိုင်လုံသောအယူဝါဒမှ အကျိုးကျေးဇူး ရရှိနိုင်မည် ဖြစ်သည်။ **ရီဖောမ်းယုံကြည်ချက်သည် ခိုင်မာပြီး သမ္မာကျမ်းစာအရ ခုခံကာကွယ်မှု ပေးနိုင်ပါသည်။ သို့သော် ယနေ့ လူနည်းစုကသာကျင့်သုံးပြီး ထူးဆန်း သည်မှာ “အသင်းတော်များစွာသည် ဘုရားသခင်၏ အကြွင်းမဲ့ ပိုင်သအုပ်စိုးမှု နှင့် သမ္မာကျမ်းစာကို မသွန်သင်၊ မယုံကြည် ကြပေ။ (အာမီးနီးယန်းအယူဝါဒ ကိုဆိုလိုပါသည်။)** ဝမ်းနည်းစရာမှာ၊ ခေတ်သစ်၊ လစ်ဘရယ် သို့မဟုတ် ခရိုက်စ်မက်တစ် အသင်းတော်များသည် ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း၊ သမ္မာကျမ်းစာ၏ လုံလောက်မှုနှင့် မှုတ်သွင်းမှု၊ မသိသောဘာသာစကား ချုပ်ငြိမ်းခြင်းနှင့် ဘုရားသခင်၏ အချုပ်အခြာ အာဏာ အစရှိသော အခြေခံအမှန်တရားများကိုပင် နားမလည်ပဲ၊ သံသယဝင် လျှက် မေးခွန်းထုတ် တတ်ကြသည်။




ရီဖောမ်းအသင်းတော်အနေဖြင့်၊ ကျွန်ုပ်တို့သည် ဤရီဖောမ်း အယူဝါဒများ အတွက် သေချာပေါက်နားလည် ထားရမည်ဖြစ်ပြီး ရပ်တည်ရမည်ကို သတိပြု ရန် အရေးကြီးပါသည်။ တစ်ဦးတစ်ယောက်သည် ရီဖောမ်း အသင်းတော်၏ အသင်းဝင်မဟုတ်ပါက ကယ်တင်ခြင်းသို့ မရောက်နိုင်ဟု မဆိုလိုပါ။ ကယ်တင်ခြင်းသည် ဘုရားသခင်ထံမှဖြစ်ပြီး၊ သူရွေးချယ်သော

မည်သူ့ကိုမဆို ကယ်တင်တော်မူ၏။ ဤနေရာတွင် ရည်ရွယ်ချက်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ကိုက်ညီသော ယုံကြည်ခြင်းနှင့် ဓမ္မပညာစံနစ်ကို ညွှန်ပြရန်ဖြစ်ပြီး ကျွန်ုပ်တို့၏ အသက်တာနှင့် ကျွန်ုပ်တို့၏ အသင်းတော်များ တွင် လိုက်နာ ကျင့်ဆောင်ရမည် ဖြစ်သည်။ (For deeper studies, see Steele and Curtis, 5 Points of Calvinism Defined, Defended and Documented, 1963.)

## ယုံကြည်သူများအတွက် အသုံးပြုခြင်း

### ဘုရားသခင်နှင့် သူ၏ဘုန်းတော်ကိုကိုးကွယ် ဆည်းကပ်ခြင်း။




ဤအကြောင်းအရာအားလုံးကို သိရှိထားခြင်းဖြင့် ကျွန်ုပ်တို့၏ ဘဝတွင် ထိုတရားကို မည်သို့ လက်တွေ့ကျင့်သုံး ရမည်နည်း။ မဿဲ ၂၂:၃၇ တွင် *"ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်၊ နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့၊"* ဟုဆိုထားပါသည်။ ကျွန်ုပ်တို့၏ အဦးဆုံးနှင့် အရေးအပါဆုံးသော ကတိကဝတ်မှာ ဘုရားသခင်၏ဘုန်းတော်နှင့် ခရစ်တော်အတွက် ကျွန်ုပ်တို့၏ ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ ကိုယ်တိုင် သတ်မှတ်ထားသော ဦးစားပေးမှုများတွင် ၎င်းကို ထင်ရှားစေနိုင်သည်။ **ကျွန်ုပ်တို့အသက်တာ၌ သစ္စာရှိသော နေ့စဉ်ဆိတ်ငြိမ်ရာအချိန်၊ ဥပုသ်နေ့ဝတ်ပြုချိန်နှင့် ပုဂ္ဂိုလ်ရေးဓမ္မဝေနေယျ ...**

**ကျွန်ုပ်တို့အသက်တာ၌ သစ္စာရှိသော နေ့စဉ်ဆိတ်ငြိမ်ရာအချိန်၊ ဥပုသ်နေ့ဝတ်ပြုချိန်နှင့် ပုဂ္ဂိုလ်ရေးဧဝံဂေလိတရားဝေငှခြင်းတို့၌ ဘုရား သခင်ကို ရိုသေရန် သင်ရှာမည်ဟု စိတ်နှလုံးထဲတွင် သန္နိဋ္ဌာန်ချပါ။ ကျွန်ုပ်တို့၏ လောကရေးရာလုပ်ငန်း၊ လေ့လာမှု သို့မဟုတ် အားလပ်ချိန် သို့မဟုတ် မိသားစုတွင် အလွန်အကျွံ စိတ်အာရုံ နစ်မြုပ်မထားသင့်ပေ။ ၎င်းသည် ကျွန်ုပ်တို့ကို လွှမ်းမိုးစေပြီး ကျွန်ုပ်တို့၏ ထာဝရပန်းတိုင်များနှင့် ဘဝ၏ အဓိကရည်ရွယ် ချက်များကို မေ့လျော့ သွားစေသည်။**

### ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာ၍ ကျင့်သုံးခြင်း၌ လုံ့လဝီရိယရှိခြင်း။

၂ တိမောသေ ၂:၁၅ တွင် ဤသို့ဆိုသည်– *"သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာ အကြောင်း မရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊*




*ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့။”* **သင်၌မရှိသောအရာကို သင်မပေးနိုင်ပါ။ ခရစ် ယာန် အသက်တာ တစ်ခုလုံးကို စာအုပ်တစ်အုပ်ဖြင့် အုပ်ချုပ်သည်။ ၎င်းသည် ဘုရား သခင်၏ မှုတ်သွင်းထားသော နှုတ်ကပတ်တော်၊ ယုံကြည်ခြင်း၏ အခြေခံအုတ် မြစ်ဖြစ်ပြီး ကျွန်ုပ် တို့၏ ခရစ်ယာန်အသက် တာ၏ လက်စွဲ ဖြစ်သည်။** သင်သည် ကော်ပိုရေးရှင်း ကုမ္ပဏီတစ်ခု၏ မန်နေဂျာ တစ်ဦး အဖြစ် မြင်ယောင်ကြည့်ပါ။ ပြီးနောက် သူတို့မှာ ကော်ပိုရေးရှင်း ဒဿနိကဗေဒ တစ်ခုရှိပြီး ၎င်းကို ကော်ပိုရေးရှင်းလက်စွဲ သို့မဟုတ် လမ်းညွှန်စာအုပ် တွင် ရေးသားထားသော်လည်း ၎င်းကို သင် သတိမပြုမိပါ။ ဘုရားသခင်၏ တည်ကြည်သော ပညတ်တော် များနှင့် သွန်သင်ချက်များ၏ ပြင်းထန်မှုကို ကျွန်ုပ်တို့ သတိပြုပါသလော။ ကျွန်ုပ်တို့သည် လုံ့လဝီရိယရှိရန် လိုအပ်သော နှုတ်ကပတ်တော်၊ ဆုတောင်းခြင်း သို့မဟုတ် ဝတ်ပြုခြင်းတို့ကို စနစ်တကျလေ့လာခြင်းနှင့် အသုံးပြုခြင်း ရှိပါသလား။ **SHBPC** ဝတ်ပြု ခြင်းအစီစဉ်၊ **SS** အတန်းနှင့် **GAES** ဝတ်ပြုခြင်းအစီစဉ်တို့ကို တက်ရောက်ပြီး နှုတ်ကပတ် တော်၌ အခြေတည်ပါ။ လက်တွေ့မဆန်သော လမ်းစဉ်ဖြင့် ဖြတ်သန်းခြင်း မပြုပါနှင့်။

## ကိုယ့်ကိုကိုယ် စည်းကမ်းထားပါ။




သုတ္တံကျမ်း ၁၂:၂၄ တွင် *“လုံ့လဝီရိယ ပြုသောသူသည် အစိုးရတတ်၏။ ပျင်းရိသောသူမူကား၊ အခွန်ပေးရ၏”* ဟုဆိုသည်။ တပည့်တော်တစ်ဦးသည် ထာဝရဘုရား၏တပ်သားများကဲ့သို့ပင်၊ မိမိသခင်၏ စည်းကမ်းအားလုံး ကို တာဝန်ရှိစွာ လိုက်နာ စောင့်ထိန်းသည့် အတိုင်း အတာအထိ အလွန်စည်းကမ်း ရှိသော နောက်လိုက်တစ်ဦး ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို မြှင့်တင်ရန် သတိရှိရှိ အားထုတ်သောအခါတွင် ပုဂ္ဂိုလ်ရေး တင်းကြပ်သော အုပ်ချုပ်မှု စနစ်ကို မွေးမြူရန် လိုအပ်ပါသည်။ ဥပမာအားဖြင့်၊ ၎င်းသည် ဥပုသ်နေ့ ဝတ်ပြုကိုးကွယ်ခြင်းတွင်

စည်းကမ်းလိုက်နာပြီး အချိန်မီရောက်လာနိုင်ခြင်း၊ ကိုယ်ပိုင်ဝတ်ပြုကိုးကွယ်ခြင်း၊ သွန်သင်ခြင်း၊ သာသနာပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် စုပေါင်း ဆုတောင်းခြင်းတို့တွင် စည်းကမ်း ရှိခြင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် စစ်ပွဲတစ်ခုကို တိုက်ခိုက်နေကြပြီး ၎င်းသည် အမြင့်ဆုံးအဆင့် နိုးကြားမှု၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုနှင့် ဝိညာဉ်ရေးဆိုင်ရာ ဆုံးမပဲ့ပြင်မှု စည်းကမ်းကိုလည်း လိုအပ်သည်။ အိပ်ချိန်နည်းခြင်း၊ အချိန်ကိုပိုမိုထိရောက်စွာ အသုံးပြုခြင်းနှင့် လောက၏ ဖျော်ဖြေမှု နည်းပါးခြင်း၊ အနှောင့်အယှက်များနှင့် လှည့်ဖြားမှုများ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ဆုတောင်းခြင်းနှင့် ဆင်ခြင်နှလုံးသွင်း ခြင်းတို့ကို ပိုမိုလုပ်ဆောင်ပါ။

## အသင်းတော်၌ တာဝန်ယူမှုရှိသော ဘဏ္ဍာစိုးအဖြစ် သန္နိဋ္ဌာန်ချခြင်း။




၁ ပေတရု ၄:၁၀-၁၁ တွင် ဤသို့ဆိုသည်- *"သင်တို့သည် ဆုကျေးဇူးတော်ကို အသီးအသီးခံရကြသည်နှင့် အညီ၊ ဘုရားသခင်၏ အထူးထူး အပြားပြားသော ကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်း ဝေငှပေးကမ်းကြလော့။ ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော်ထင်ရှားစေမည်အကြောင်း၊ ဟောပြော သောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော် နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကို ဆောင်ရွက်သော သူသည်၊ ဘုရားသခင်ပေး သနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ အာမင်။"* ကျွန်ုပ်တို့သည် ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူး တော်ဘဏ္ဍာစိုးအဖြစ် ထမ်းဆောင်ရန် ကယ်တင်ခြင်းခံရပြီး၊ ကျွန်ုပ် တို့တွင် ဖြည့်ဆည်းရန် မြင့်မြတ်သော တာဝန်များရှိသည်။ ကျွန်ုပ်တို့၏ တာဝန်များကို ကျေပွန်စေရန်အတွက် ထိုးထွင်းကြံဆတတ်သောဉာဏ်နှင့် ကြိုးစားအားထုတ်မှု(နှလုံးရည်) လိုအပ်ပြီး ဘုရားသခင်ပေးသော ဆုကျေးဇူးများ၊ အရည်အချင်း များနှင့်အတူ အစေခံရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ပေး သော အရည်အချင်းများကို အသိစိတ်ရှိရှိ ဖွံ့ဖြိုးတိုး တက်ရန်နှင့် အသုံးချရန် လိုအပ်သည်။ နှစ်စဉ်နှစ်တိုင်း ဘုရားသခင်၏နိုင်ငံတော် တိုးတက်ရန် ၎င်းတို့ ကို အသုံးပြုပြီး ကျွန်ုပ်တို့နှင့်ပတ်သက်သော ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန် ဤကတိကဝတ်တွင်

စိတ်ထက်သန်ပြီး သစ္စာရှိပါ။ ဒေသန္တရ အသင်းတော်တွင် အမှုဆောင်သကဲ့သို့ သူတစ်ပါးအတွက် စံနမူနာကောင်း ဖြစ်လျှက် ခရစ်တော်၌ အပ်နှံပါ။

## အပြစ်(နှင့် စိတ်ရှုပ်ထွေးခြင်း)ကို ဟန့်တားခြင်း

ဆာလံ ၁:၁-၃ တွင် ဤသို့ဆိုသည်- *"မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့မလိုက်၊ လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေး၌မထိုင်၊ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညမပြတ်ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာစိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီး၍၊ အရွက်မညှိုးနွမ်းတတ်သော အပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း။"* ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ဘဝစစ်မြေပြင်တွင် ရှိနေကြပြီး၊ ဝိညာဉ်ကို တိုက်ခိုက်သော ဇာတိသဘောနှင့် ဝိညာဉ်သဘော၏ သွေးဆောင်မှုကို ဆန့်ကျင်တိုက်လှန်နေ ကြသည်။ စာတန်သည် ကျွန်ုပ်တို့အား သန့်ရှင်းခြင်းနှင့် စင်ကြယ်ခြင်းမှ ဝေးကွာစေရန် ကြိုးစားသော်လည်း၊ ကျွန်ုပ်တို့သည် ပြန်လည်ခုခံပြီး ဖွဲ့ရှိရမည်ဖြစ်ကြောင်း ၁ သက်သာလောနိတ် ၄:၃ တွင် *"ဘုရားသခင်၏ အလိုတော်ဟူမူကား၊ သင်တို့သည် မတရားသောမေထုန်ကို ကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှာ လည်းကောင်း၊"* ဟုဖော်ပြထားသည်။ ကျွန်ုပ်တို့၏ ဘဝတွင် အပြစ်နဲ့ပြည့်သော အလေ့အထများနှင့် အကျင့်များ (ဆိုလိုသည်မှာ ဒေါသ၊ လောဘ၊ အကျင့်ယိုယွင်းမှု၊ ပျင်းရိမှု၊ မာန၊ မုန်းတီးမှု၊ မနာလိုမှု စသည်တို့) ကိုဟန့်တားရန် ခိုင်မာစိတ်ချရသော အဟန့်အတားတစ်ခု ချမှတ်ရန် လိုအပ်သည်။ ကောလောသဲ ၃:၅-၆ တွင် *"ထို့ကြောင့် မတရားသော မေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သော တပ်မက်ခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်းဖြစ်သော လောဘလွန်ကျူးခြင်းတည်းဟူသော၊ မြေကြီးပေါ်မှာရှိသော သင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေကြလော့။ ထိုအမှုများကြောင့် ဘုရားသခင်၏ အမျက်တော်သည် ငြင်းဆန်သော သူတို့အပေါ်၌ သင့်ရောက်ပေ၏။"* ဟုဖော်ပြပါသည်။ ကျွန်ုပ်တို့၏ဘဝတွင် သတိထား ရမည့် မည့်သည့် အကျင့်စရိုက်များ သို့မဟုတ် အမြဲဒုက္ခပေး တတ်သော အပြစ် သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်ခြင်းများ ရှိပါသလား။ HP ဂိမ်းများ၊ anime၊ ဆိုရှယ်မီဒီယာ သို့မဟုတ် အပန်းဖြေခြင်း သို့မဟုတ် အိပ်စက်ခြင်း သို့မဟုတ် အွန်လိုင်းရုပ်ရှင်များကို အလွန်အကျွံကြည့်ရှုခြင်းကိုပင် လျှော့ချရန် သို့မဟုတ် ရပ်တန့်ရန် လိုအပ်ပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မှန်ကန်စွာဆက် ဆံသည့်အခါ ဝန်ခံပြီး နောင်တရစရာ တစ်စုံတစ်ရာ ရှိပါသလား။ ၂ တိမောသေ ၂:၂၀-၂၂ တွင် *"ကြီးစွာသောအိမ်၌ ရွှေတန်ဆာ၊ ငွေတန်ဆာသာ ရှိသည်မဟုတ်၊ သစ်သားတန်ဆာ၊ မြေတန်ဆာ ရှိ၏။ အသရေရှိသောတန်ဆာ၊ အသရေမရှိသော တန်ဆာရှိ၏။ သို့ဖြစ်၍၊ အထက်ဆိုခဲ့*

*ပြီးသောအကျင့်တို့ကို ပယ်၍၊ မိမိကို စင်ကြယ်စေသောသူ မည်သည်ကား၊ အသရေရှိသော တန်ဆာ၊ သန့်ရှင်း၍ အိမ်ရှင်သုံးစရာ ကောင်းသောတန်ဆာ၊ ကောင်းသောအမှုများအဖို့ အလိုငှာ ပြင်ဆင်သော တန်ဆာ ဖြစ်လိမ့်မည်။ လူပျိုတို့၏ တပ်မက်ခြင်း ကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍၊ သခင်ဘုရားကိုပဌနာပြုသော သူတို့နှင့် အသင့်အတင့်နေခြင်း တို့ကို မှီအောင်လိုက်လော့။"* ဟုဆိုသည်။ မကောင်းဆိုးဝါး၏ ဆိုးညစ်သော အကြံကို ဆန့်ကျင်ဘက်ပြု၍၊ နိုးကြားလျှက် သတိရှိကြပါစို့။ ထာဝရဘုရား၏ ခွန်အားကို အမှီပြု၍ ပျက်ကွက်ခြင်းမရှိဘဲ ရပ်နေကြကုန်အံ့။ ဘုရားသခင်၌ မဖြစ်နိုင်သောအရာ ဘာမှမရှိပါ။

## နိဂုံး




နောက်ဆုံးတွင် ဟေဗြဲ ၁၂:၁-၂ ၌ ကျွန်ုပ်တို့ကို ဤသို့သတိပေး ထားသည်- *"ထိုကြောင့်၊ ဤမျှလောက် များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက်ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကို လည်းကောင်း၊ နှောင့်ယှက် တတ်သော ဒုစရိုက်ကိုလည်းကောင်း ပယ်ရှား၍၊ ငါတို့မျက်မှောက်၌ ထားသော ပန်းတိုင်သို့ရောက်ခြင်းငှာ၊ အားမလျှော့ဘဲ ပြေးကြကုန်အံ့။- ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော် လက်ယာဘက်၌ ထိုင်နေတော်မူ၏။"* ကျွန်ုပ်တို့သည် ၂၀၂၄ ခုနှစ်၏ နောက်ဆုံးသုံးလပတ်ဆီသို့ မိမိကိုယ်ကို ဆန်းစစ်ကြည့်သည့်အတိုင်း ဘုရားသခင်နှင့်အတူ သစ္စာရှိစွာ ဆက်လက် လျှောက်လှမ်းကြပါစို့။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရှေ့တော်၌ နှစ်သက်ဖွယ်ကောင်းသော အာရုံဖြင့် ကျွန်ုပ်တို့၏ အသက်တာတွင် မှန်ကန်သော ဦးစားပေးမှုများကို ရရှိလိုကြသည်။ ဖေက် ၄:၁ တွင်

*"ခေါ်တော်မူခြင်းကျေးဇူးတော်ကို သင်တို့သည် ခံရသည်နှင့် အထိုက်အလျောက် ကျင့်ဆောင်မည် အကြောင်း၊ သခင်ဘုရားအတွက်ကြောင့် အကျဉ်းခံရသော ငါသည် သင်တို့ကို တိုက်တွန်းနှိုး ဆော်ပါ၏။"* ဟုဆိုသည်။ သန္နိဋ္ဌာန်ချထားသည့် ခရစ်ယာန်များ အနေဖြင့်၊ ဤဘုရားသခင်အား ဂုဏ်တင်သောပန်းတိုင်များ နှင့်အတူ ဖွဲ့ရှိရန် သခင်ဘုရား၏ သန့်ရှင်းသောအလိုတော်နှင့် ခွန်အားကို ရှာကြပါစို့။ ခရစ်တော်ကိုဗဟိုပြုသော ရီဖောမ်းအသင်းတော်အဖြစ် ကျွန်ုပ် တို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သကဲ့သို့ ဆုတောင်းရင်း ဖွဲ့ရှိ ကြပါစို့။

**Rev. Dr Jack Sin**
Sovereign Hope Bible-Presbyterian Church
Singapore

ဘာသာပြန် - *Mr. Benjamin Chui*